# ၂၀၂၅ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) အပြီး အခြေအနေ လေ့လာသုံးသပ်ချက်

Data for Myanmar

**အစီရင်ခံစာ အမှတ်စဉ် (၂၃) | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ**

ယခုအစီရင်ခံစာမှာ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ကနေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့အထိ အချက်အလက်တွေပါဝင်ပြီး လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့တွေနဲ့ ပြည်တွင်းပြည်ပက မူဝါဒချမှတ်သူတွေအတွက် အထောက်အကူပြုဖို့ ရည်ရွယ်ပါတယ်။


## အရေးကြီး အချက်များ

- ရွေးကောက်ပွဲနေ့မှာ ပဋိပက္ခဖြစ်စဉ်တွေ ရှိခဲ့ပေမယ့် အပိုင်း(၁)အဖြစ် မြို့နယ်ပေါင်း ၁၀၂ မြို့နယ်မှာ ရွေးကောက်ပွဲ ကျင်းပခဲ့ပြီး မဲပေးသူရာခိုင်နှုန်း ၅၂.၁၃% ရှိခဲ့ပါတယ်။

- လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အာမခံကြောင်းနဲ့ အပိုင်း ၃ ပိုင်းစလုံးပြီးမှ ဝေဖန်ကြဖို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောဆိုခဲ့ပေမယ့် အပိုင်း(၁) အပြီးမှာပဲ ကြိုတင်မဲ ကောက်ယူမှုတွေမှာ ပွင့်လင်းမြင်သာမှု မရှိကြောင်း ကြံ့ခိုင်ရေးမဟုတ်တဲ့ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီ ၃ ပါတီက သူ့ဆီကို စာပို့ တိုင်ကြားခဲ့ကြပါတယ်။

- အပိုင်း(၁) အပြီး မဲရလဒ်တွေအရ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက လွှတ်တော် ၃ ရပ်စလုံးမှာ အနိုင်ရကိုယ်စားလှယ် ၂၃၁ ဦး ရရှိထားပြီး တိုင်းရင်းသားပါတီတွေလည်း နေရာအချို့ အနိုင်ရထားကြပါတယ်။

၂၀၂၅ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များ



*Last updated: 3 January 2026*

Map: Data for Myanmar (D4M) • Source: Union Election Commission (UEC) • Created with Datawrapper

- နေပြည်တော်မှာကျင်းပခဲ့တဲ့ နိုင်ငံတကာကလေ့လာစောင့်ကြည့်ရေးအဖွဲ့တွေရဲ့ မှတ်ချက်ပြု အခမ်းအနားမှာ တရုတ်နဲ့ ရုရှားက စောင့်ကြည့်လေ့လာသူတွေက ရွေးကောက်ပွဲအပေါ် အကောင်းမြင် မှတ်ချက်တွေ ပေးခဲ့ကြပြီး အာဆီယံကတော့ ရွေးကောက်ပွဲအလွန်အခြေအနေတွေကို စောင့်ကြည့်သွားဖို့ ရှိနေပါတယ်။

## အဓိက ကိန်းဂဏန်းများ

| ၁၀၂ | ၁၁.၆ သန်း | ၆ သန်း | ၅၂.၁၃% |
| --- | --- | --- | --- |
| အပိုင်း(၁)မှာ ပါဝင်တဲ့ မြို့နယ်အရေအတွက် | အပိုင်း(၁)မှာ မဲပေးပိုင်ခွင့်ရှိသူဦးရေ | အပိုင်း(၁)မှာ မဲပေးခဲ့တဲ့ မဲဆန္ဒရှင်ဦးရေ | အပိုင်း(၁) မဲပေးသူ ရာခိုင်နှုန်း |

## ၁။ နောက်ခံအကြောင်း

၂၀၂၅ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)အဖြစ် မြန်မာနိုင်ငံထဲက မြို့နယ် (၁၀၂) မြို့နယ်မှာ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့က ရွေးကောက်ပွဲကျင်းပခဲ့ပါတယ်။ ရွေးကောက်ပွဲကာလအတွင်း တိုင်းနဲ့ ပြည်နယ်အချို့မှာ အကြမ်းဖက်ပဋိပက္ခဖြစ်စဉ်တွေ ဖြစ်ပွားခဲ့ပြီး လူထိခိုက်သေဆုံးမှုတွေရှိခဲ့ပေမယ့် ရွေးကောက်ပွဲအပေါ် ကြီးကြီးမား ထိခိုက်မှု မရှိတာ တွေ့ရပါတယ်။ အီလက်ထရောနစ် မဲပေးစက်နဲ့ မဲပေးရတဲ့ ပထမဆုံးရွေးကောက်ပွဲဖြစ်ပြီး လူထုစိတ်ဝင်စားမှုလည်း နည်းတဲ့ ရွေးကောက်ပွဲ ဖြစ်ခဲ့ပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ပြည်တွင်းပြည်ပ အစုအဖွဲ့တွေအကြား သဘောထားအမြင် အမျိုးမျိုး ကွဲပြားနေပေမယ့် စစ်ကော်မရှင်ကတော့ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ကြောင်း နိုင်ငံတကာ လေ့လာ စောင့်ကြည့်သူတွေရဲ့ သဘောထားမှတ်ချက်တွေအပေါ် ကိုးကား ပြောဆိုခဲ့ပါတယ်။

ရွေးကောက်ပွဲနေ့ မဲပေးမှုအခက်အခဲတွေ၊ မဲရေတွက်မှုနဲ့ ကြိုတင်မဲကောက်ယူမှုမှာ ပွင့်လင်းမြင်သာမှုမရှိတဲ့အပေါ် နိုင်ငံရေးပါတီတွေက ဝေဖန်ထောက်ပြထားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း နေပြည်တော်မှာ နိုင်ငံရေး ပါတီခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီး ရှင်းလင်းပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ အပိုင်း(၁)အပြီး သက်ဆိုင်ရာ လွှတ်တော်အလိုက် အနိုင်ရ ကိုယ်စားလှယ်လောင်း အမည်စာရင်းနဲ့ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိတဲ့ မဲရလဒ်တွေကို အပိုင်းလိုက် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ရွေးကောက်ပွဲ အပိုင်း(၁) ကာလအတွင်း ပြည်နယ်နဲ့တိုင်းအလိုက် ရွေးကောက်ပွဲကျင်းပနိုင်မှုအခြေအနေ၊ ရွေးကောက်ပွဲ ကာလ အကြမ်းဖက်ပဋိပက္ခဖြစ်စဉ်တွေနဲ့ ရွေးကောက်ပွဲနေ့အခြေအနေ၊ မဲပေးသူရာခိုင်နှုန်းနဲ့ မဲရလဒ်အခြေအနေ၊ နိုင်ငံရေးပါတီတွေ ထောက်ပြခဲ့ကြတဲ့ ကြိုတင်မဲကိစ္စနဲ့ ရွေးကောက်ပွဲကာလအရေးကြီး ဖြစ်ပေါ်တိုးတက်မှုများ စတဲ့ အကြောင်းအရာ တွေကို Data for Myanmar က လက်လှမ်းမီသမျှ စုစည်းထားတဲ့ အချက်အလက်တွေအပေါ် မူတည်ပြီး လေ့လာတင်ပြထားပါတယ်။

## ၂။ ရွေးကောက်ပွဲကျင်းပနိုင်မှုအခြေအနေ (ရပ်ကွက်နဲ့ကျေးရွာအုပ်စုအဆင့်)

ရွေးကောက်ပွဲကျင်းပနိုင်မှုကို မြို့နယ်အရ ကြည့်မယ်ဆိုရင် ၁၀၂ မြို့နယ်လို့ ဆိုပေမယ့် မြို့နယ်အတွင်းက ရပ်ကွက်/ ကျေးရွာအုပ်စု အားလုံးမှာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့တာတော့ မဟုတ်ပါဘူး။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ကြေညာထားတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိတဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အချက်အလက်တွေအရ မြို့နယ် (၁၀၂) မြို့နယ်မှာ ရပ်ကွက်နဲ့ကျေးရွာ အုပ်စုပေါင်း ၅၆၅၂ ခု ရှိတဲ့အနက် ၄၂၁၅ ခုမှာသာ ရွေးကောက်ပွဲ ကျင်းပခဲ့တာဖြစ်လို့ ရပ်ကွက်/ကျေးရွာအုပ်စု စုစုပေါင်းရဲ့ ၇၅ ရာခိုင်နှုန်းမှာ ရွေးကောက်ပွဲ ကျင်းပခဲ့တာ ဖြစ်ပါတယ်။

ပြည်နယ်နဲ့တိုင်းအလိုက်ကြည့်မယ်ဆိုရင် ချင်းပြည်နယ်ထဲက ရွေးကောက်ပွဲကျင်းပနိုင်တဲ့ မြို့နယ် ၂ မြို့နယ်က ရပ်ကွက်/ ကျေးရွာအုပ်စု စုစုပေါင်းရဲ့ ၁၆ ရာခိုင်နှုန်းမှာသာ ကျင်းပနိုင်တာတွေ့ရပြီး တိုင်းနဲ့ပြည်နယ်အားလုံးထဲမှာ အနည်းဆုံး ဖြစ်ပါတယ်။ စစ်ကိုင်း၊ ကရင်၊ မွန်၊ ရခိုင်နဲ့ မကွေး တို့မှာတော့ ရာခိုင်နှုန်း ထက်ဝက်ကျော်လောက် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပါတယ်။ ကျန်ပြည်နယ်နဲ့ တိုင်းတွေမှာတော့ ရပ်ကွက်/ကျေးရွာအုပ်စု အများစုမှာ ရွေးကောက်ပွဲ ကျင်းပနိုင် ခဲ့တာ တွေ့ရပါတယ်။

အပိုင်း(၁) မြို့နယ်များတွင် ရွေးကောက်ပွဲကျင်းပနိုင်သည့် ရပ်ကွက်/ကျေးရွာအုပ်စုရာခိုင်နှုန်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် | ရပ်ကွက်/ကျေးရွာ အုပ်စုပေါင်း | ကျင်းပနိုင်သည့် ရပ်ကွက်/ကျေးရွာ အုပ်စု | မကျင်းပနိုင်သည့် ရပ်ကွက်/ကျေးရွာ အုပ်စု | ကျင်းပနိုင်သည့် ရပ်ကွက်/ ကျေးရွာ အုပ်စုရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၆ | ၂၂၁ | ၁၇၆ | ၄၅ | ၈၀% |
| ၂ | ကယား | ၂ | ၅၆ | ၄၄ | ၁၂ | ၇၉% |
| ၃ | ကရင် | ၃ | ၂၀၆ | ၁၀၃ | ၁၀၃ | ၅၀% |
| ၄ | ချင်း | ၂ | ၁၀၂ | ၁၆ | ၈၆ | ၁၆% |
| ၅ | စစ်ကိုင်း | ၁၂ | ၇၉၇ | ၃၃၈ | ၄၆၀ | ၄၂% |
| ၆ | တနင်္သာရီ | ၄ | ၁၃၆ | ၉၉ | ၃၇ | ၇၃% |
| ၇ | ပဲခူး | ၈ | ၅၆၃ | ၅၁၄ | ၄၉ | ၉၁% |
| ၈ | မကွေး | ၉ | ၆၅၆ | ၃၈၄ | ၂၇၂ | ၅၉% |
| ၉ | မန္တလေး | ၈ | ၅၁၂ | ၄၄၁ | ၇၁ | ၈၆% |
| ၁၀ | မွန် | ၅ | ၂၄၄ | ၁၆၉ | ၇၅ | ၆၉% |
| ၁၁ | ရခိုင် | ၃ | ၁၇၈ | ၁၀၈ | ၇၀ | ၆၁% |
| ၁၂ | ရန်ကုန် | ၁၂ | ၄၂၈ | ၄၂၈ | | ၁၀၀% |
| ၁၃ | ရှမ်း | ၁၂ | ၅၄၇ | ၃၉၁ | ၁၅၆ | ၇၁% |
| ၁၄ | ဧရာဝတီ | ၈ | ၇၄၄ | ၇၄၂ | ၂ | ၁၀၀% |
| ၁၅ | နေပြည်တော် | ၈ | ၂၆၂ | ၂၆၂ | | ၁၀၀% |
| | **စုစုပေါင်း** | **၁၀၂** | **၅၆၅၂** | **၄၂၁၅** | **၁၄၃၉** | **၇၅%** |

ရင်းမြစ် – အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


## ၃။ ရွေးကောက်ပွဲကာလ အကြမ်းဖက်ပဋိပက္ခဖြစ်စဉ်များ

ရွေးကောက်ပွဲမတိုင်မီ ၂၄ နာရီအတွင်းနဲ့ ရွေးကောက်ပွဲနေ့မှာ အကြမ်းဖက်ပဋိပက္ခဖြစ်စဉ် ၁၄ ခု ဖြစ်ပွားခဲ့ပြီး ထိခိုက်သေဆုံးမှုတွေလည်း ရှိခဲ့ပါတယ်။ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်၊ ကရင်ပြည်နယ် မြဝတီမြို့၊ တနင်္သာရီတိုင်း ထားဝယ်မြို့နဲ့ ဘုတ်ပြင်းမြို့နယ်၊ ပဲခူးတိုင်း ပြည်မြို့နယ်၊ စစ်ကိုင်းတိုင်း တမူးမြို့နယ်၊ မကွေးတိုင်း စကုမြို့တွေမှာ ဗုံးပေါက်ကွဲမှုတွေနဲ့ ဒရုန်းနဲ့ တိုက်ခိုက်မှုတွေဖြစ်ပွားခဲ့ပြီး မြဝတီမြို့နဲ့ ထားဝယ်မြို့ ဖြစ်စဉ်တွေမှာ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ မန္တလေးမြို့နဲ့ ကရင်ပြည်နယ် သံတောင်ကြီးမြို့တွေမှာလည်း ရှော့တိုက်ဒုံးနဲ့ ပစ်ခတ်တဲ့ ဖြစ်စဉ်တွေ ဖြစ်ပွားခဲ့ပြီး မန္တလေးမြို့ဖြစ်စဉ်မှာ လူနှစ်ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ချင်းပြည်နယ် ဟားခါးမြို့၊ မန္တလေးတိုင်း တံတားဦးမြို့နယ်နဲ့ စစ်ကိုင်းတိုင်း ကသာမြို့နဲ့ ဘုတလင်မြို့နယ်တွေမှာ နှစ်ဖက်ပစ်ခတ်မှုတွေရှိခဲ့ပြီး စစ်ကော်မရှင်ဘက်က ကသာနဲ့ ဘုတလင်

မြို့နယ်တွေမှာ လေကြောင်းတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ရွေးကောက်ပွဲ ကျင်းပမယ့် ကယားပြည်နယ် လွိုင်ကော် မြို့ပေါ် ရပ်ကွက်တွေပေါ် ကို လက်နက်ကြီးကျည်တွေ ကျရောက်ပေါက်ကွဲခဲ့ပြီး စစ်ကော်မရှင်ဘက်က လက်နက်ကြီးနဲ့ ပြန်လည် ပစ်ခတ်ခဲ့လို့ လွိုင်ကော်အရှေ့ခြမ်းမှာ တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

ဟားခါးမြို့၊ မြဝတီမြို့နဲ့ ကသာမြို့တွေမှာ ရွေးကောက်ပွဲ ကာလ ပေါက်ကွဲမှုဖြစ်စဉ်တွေနဲ့ တိုက်ပွဲတွေကြောင့် ဒေသခံတွေအကြားစိုးရိမ်မှုတွေ ဖြစ်ပေါ် ခဲ့ပြီး မဲပေးမှု အပေါ် အကျိုးသက်ရောက်မှု အချို့ ရှိခဲ့တာတွေ့ရပါတယ်။ ကျန်မြို့နယ်တွေမှာတော့ စိုးရိမ်မှုတွေရှိပေမယ့် ကြီးကြီးမားမား အကျိုးသက်ရောက်မှုမရှိခဲ့ပါဘူး။

ရွေးကောက်ပွဲ အပိုင်း(၁) - ရွေးကောက်ပွဲနေ့ ပဋိပက္ခဖြစ်စဉ်များ




Source: Data for Myanmar (D4M) • Created with Datawrapper

၂၀၂၅ ခုနှစ်၊ ဩဂုတ်လကနေ ဒီဇင်ဘာလ ၁၆ ရက် အတွင်း ရွေးကောက်ပွဲအကာအကွယ်ပေးရေး ဥပဒေနဲ့ အမှုဖွင့် အရေးယူခဲ့ရသူ ၂၂၉ ယောက်ရှိခဲ့ပါတယ်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့ကနေ ၂၇ ရက်နေ့ အထိ ကာလအတွင်း ထပ်မံ အရေးယူခံခဲ့ရသူတွေ ထဲမှာ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ Facebook လူမှုကွန်ရက်ပေါ်မှာ အများပြည်သူ အထင်မှားအောင် ရေးသားထားတဲ့ စာသားတွေကို ထပ်ဆင့် ပြန်လည်မျှဝေထားသူတွေ အများဆုံး ပါဝင်နေတာကို တွေ့ရပြီး မဲရုံ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ လွှတ်တော် ကိုယ်စားလှယ်လောင်းတွေကို ဆဲရေးတိုင်းထွာတာကြောင့် ဖမ်းဆီးခံရသူတွေလည်း ပါဝင်နေပါတယ်။

## ၄။ ရွေးကောက်ပွဲနေ့ အခြေအနေ

ရွေးကောက်ပွဲမတိုင်ခင် ဆန့်ကျင်ဆန္ဒပြမှုတွေနဲ့ အကြမ်းဖက်ပဋိပက္ခဖြစ်စဉ်တွေရှိခဲ့ပေမယ့် စစ်ကော်မရှင်က ကျင်းပဖို့ လျာထားတဲ့ မြို့နယ်ပေါင်း ၁၀၂ မြို့နယ်ထဲက ရပ်ကွက်၊ ကျေးရွာအုပ်စုတွေမှာ အစီအစဉ်အတိုင်း ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့တာတွေ့ရပါတယ်။ ရွေးကောက်ပွဲနေ့မှာ မြို့နယ်အသီးသီးက မဲရုံတွေမှာ အီလက်ထရောနစ် မဲပေးစက် အသုံးပြု မဲပေးခဲ့ကြပါတယ်။ နိုင်ငံပိုင် မီဒီယာတွေနဲ့ ပြည်တွင်းမီဒီယာတွေကလည်း ရွေးကောက်ပွဲနေ့ အခြေအနေနဲ့ ပတ်သက်ပြီး သတင်းတွေ ထုတ်လွှင့်ခဲ့ကြပါတယ်။

နိုင်ငံရေးပါတီတွေ၊ ကိုယ်စားလှယ်လောင်းတွေ၊ ကိုယ်စားလှယ်လောင်းတွေရဲ့ ရွေးကောက်ပွဲနေ့ အခြေအနေ အပေါ် ထုတ်ဖော်ပြောကြားချက်တွေကိုကြည့်ရင် တချို့ ဒေသတွေမှာတော့ ရွေးကောက်ပွဲနေ့ မဲပေးမှု၊ မဲရေတွက်မှုနဲ့ ရွေးကောက်ပွဲစောင့်ကြည့်မှု စတာတွေမှာ အားနည်းချက်တွေရှိခဲ့ကြောင်း တွေ့ရပါတယ်။

အီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုပြီး မဲပေးတဲ့အခါ မဲပေးတဲ့အချိန်ပိုမြန်သွားပြီး မဲစာရင်းမှာ ပါမပါနဲ့ မဲစာရင်းနံပါတ် လိုက်ရှာရတာက အချိန်ပိုကြာကြောင်း မဲပေးခဲ့သူတွေက ပြောပါတယ်။ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနဲ့ ရခိုင်ပြည်နယ်ထဲက မြို့နယ် အချို့မှာတော့ မဲပေးစက်ချို့ယွင်းပျက်စီးတာတွေ ဖြစ်ခဲ့လို့ ယာယီစောင့်ဆိုင်းရတာတွေရှိခဲ့ပြီး ပြန်လည် ပြင်ဆင်တာ၊ စက်အသစ်နဲ့ အစားထိုးတာတွေ လုပ်ဆောင်ခဲ့ရပါတယ်။

မဲရေတွက်မှုနဲ့ ပတ်သက်ပြီး မန္တလေးမြို့က မဲရုံတချို့မှာ မဲစာရင်းမှာမပါပေမယ့် မဲရုံမှားပြီး မဲထည့်တာ၊ မဲပေးချင်ပေမယ့် မဲစာရင်းမှာ မပါလို့ မဲပေးခွင့်မရတာတွေလည်း ရှိနေကြောင်း မန္တလေးက တစည ပါတီခေါင်းဆောင်အချို့က ဒေသတွင်း မီဒီယာတွေကို ပြောဆိုခဲ့ကြပါတယ်။ မန္တလေးမြို့က မဲရုံတချို့မှာပဲ မဲရေတွက်ချိန် မဲဆန္ဒရှင်လူထုကို မကြည့်ခိုင်းတာ၊ မဲပေးပုံးထဲက မဲအရေအတွက်နဲ့ စက်မဲနဲ့ တိုက်မစစ်တာ၊ ပါတီ ကိုယ်စားလှယ်တိုင်း မဲရေတွက်မှုကို လာမကြည့်တာနဲ့ မဲရုံတာဝန်ကျ ဆရာမတွေက မဲသိမ်းစနစ် သေချာ မသိတာ စတဲ့ အားနည်းချက်တွေရှိခဲ့ကြောင်း မဲရုံစောင့်ကြည့်သူ တစ်ဦးက တွေ့ရှိရတဲ့အခြေအနေကို မီဒီယာတွေကို ပြောခဲ့ပါတယ်။

ကြိုတင်မဲနဲ့ ပတ်သက်လို့ ပွင့်လင်းမြင်သာမှုမရှိတာ၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ မဟုတ်တဲ့ အတွက်ကြောင့် ရွေးကောက်ပွဲရလဒ်အပေါ် လက်မှတ်ရေးထိုးခြင်း မရှိဘူးလို့ ဧရာဝတီတိုင်းက ပြည်သူ့ပါတီ အတွင်းရေးမှူးက မီဒီယာအင်တာဗျူးမှာ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် ပါတီတွေအနေနဲ့လည်း မဲရုံတိုင်းကို မဲရုံကိုယ်စားလှယ် မထားနိုင်တာက အားနည်းချက်ဖြစ်နေပါတယ်။

## ၅။ မဲပေးသူရာခိုင်နှုန်း

ရွေးကောက်ပွဲအပိုင်း(၁)မှာ ပါဝင်တဲ့ မြို့နယ် (၁၀၂) မြို့နယ်မှာ မဲပေးနိုင်သူ ၁၁,၆၇၂,၁၄၄ ဦး (၁၁.၆ သန်းကျော်) ရှိပြီး မဲပေးခဲ့သူ ၆,၀၉၅,၅၁၁ ဦး (၆ သန်းကျော်) ရှိတာကြောင့် မဲပေးသူရာခိုင်နှုန်း ၅၂.၁၃ ရာခိုင်နှုန်းရှိတယ်လို့ စစ်ကော်မရှင်ဘက်က သတင်းထုတ်ပြန်ပါတယ်။

မြို့နယ်အလိုက် မဲပေးပိုင်ခွင့်ရှိသူဦးရေနဲ့ မဲပေးခဲ့သူဦးရေ အချက်အလက်တွေအားလုံး လက်လှမ်းမမီနိုင်တာကြောင့် **Data for Myanmar** က လက်လှမ်းမီသလောက် စုစည်းထားတဲ့ မြို့နယ် (၆၀) ရဲ့ အချက်အလက်တွေပေါ်မှာပဲ နှိုင်းယှဉ်ကြည့်ထားပါတယ်။ နိုင်ငံပိုင် မီဒီယာတွေမှာဖော်ပြခဲ့တဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အရေအတွက်ဖော်ပြချက်တွေနဲ့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က လတ်တလော ထုတ်ပြန်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း မဲရရှိမှု အခြေအနေပါ အချက်အလက်တွေကို ကိုးကားပြီး မဲပေးသူရာခိုင်နှုန်းကို ခန့်မှန်းတွက်ချက်ထားတာဖြစ်ပါတယ်။

**တိုင်းနဲ့ ပြည်နယ်အလိုက် မဲပေးသူရာခိုင်နှုန်းနှိုင်းယှဉ်ချက်**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် | အချက်အလက် လက်လှမ်းမီသည့် မြို့နယ် | အနည်းဆုံးရာခိုင်နှုန်း – အများဆုံး ရာခိုင်နှုန်း | ပျမ်းမျှ မဲပေးသူ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ကချင် | ၆ | ၁ | ၆၈% – ၆၈% | ၆၈% |
| ၂ | ကယား | ၂ | – | – | – |
| ၃ | ကရင် | ၃ | ၂ | ၂၉% – ၃၄% | ၃၂% |
| ၄ | ချင်း | ၂ | ၁ | ၁၀% – ၃၄% | ၂၂% |
| ၅ | စစ်ကိုင်း | ၁၂ | ၅ | ၃၃% – ၆၈% | ၅၀% |
| ၆ | တနင်္သာရီ | ၄ | ၄ | ၄၅% – ၅၆% | ၅၀% |
| ၇ | ပဲခူး | ၈ | ၃ | ၄၃% – ၅၄% | ၅၂% |
| ၈ | မကွေး | ၉ | ၈ | ၄၂% – ၆၁% | ၅၄% |
| ၉ | မန္တလေး | ၈ | ၅ | ၅၂% – ၇၁% | ၆၂% |
| ၁၀ | မွန် | ၅ | ၅ | ၃၈% – ၄၄% | ၄၁% |
| ၁၁ | ရခိုင် | ၃ | ၂ | ၂၂% – ၄၃% | ၃၂% |
| ၁၂ | ရန်ကုန် | ၁၂ | ၃ | ၃၁% – ၆၅% | ၅၂% |
| ၁၃ | ရှမ်း | ၁၂ | ၁၀ | ၃၃% – ၇၆% | ၅၃% |
| ၁၄ | ဧရာဝတီ | ၈ | ၈ | ၅၇% – ၇၂% | ၆၆% |
| ၁၅ | နေပြည်တော် | ၈ | ၃ | ၅၈% – ၁၀၀% | ၇၆% |
| | **စုစုပေါင်း** | **၁၀၂** | **၆၀** | ၁၀% – ၁၀၀% | **၅၃%** |

ရင်းမြစ် – နိုင်ငံပိုင်မီဒီယာများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

မြို့နယ် ၆၀ ရဲ့ ပျမ်းမျှ မဲပေးသူရာခိုင်နှုန်းအနေနဲ့ ၅၃ ရာခိုင်နှုန်းရှိပြီး နေပြည်တော်ကတော့ မဲပေးရာခိုင်နှုန်း ၇၆ ရာခိုင်နှုန်းနဲ့ အများဆုံး ဖြစ်နေတာတွေ့ရပါတယ်။ ကရင်၊ ချင်း၊ ရခိုင်၊ မွန် စတဲ့ ပြည်နယ် ၄ ခုမှာ မဲပေးသူရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်းအောက်ရှိပြီး ကျန်ပြည်နယ်နဲ့ တိုင်းတွေမှာတော့ ၅၀ ရာခိုင်နှုန်းနဲ့ အထက် ရှိတာကို တွေ့ရပါတယ်။

မဲပေးသူရာခိုင်နှုန်းနဲ့ပတ်သက်ပြီး နှိုင်းယှဉ်ချက်တွေ ပြုလုပ်တဲ့အခါ ယခုရွေးကောက်ပွဲနဲ့ ပြီးခဲ့တဲ့ ၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀ ရွေးကောက်ပွဲတွေအကြား မတူညီမှုတွေ ရှိနေပါတယ်။ အဓိကအချက်ကတော့ ရွေးကောက်ပွဲ ကျင်းပနိုင်တဲ့ နယ်မြေကျဉ်းသွားတာရယ်၊ အိမ်ထောင်စုစာရင်းရှိသူတွေသာ မဲစာရင်းထဲမှာ ပါဝင်တာရယ်ကြောင့် မြို့နယ်အတွင်း မဲပေးပိုင်ခွင့်ရှိသူဦးရေ လျော့ကျသွားခြင်းဖြစ်ပါတယ်။ ဆိုလိုတာက နှိုင်းယှဉ်ရာမှာ အခြေတည်ရမယ့် ပိုင်းခြေတွေက တသမတ်တည်းမရှိဘဲ ကွာခြားသွားတဲ့အတွက် ဖြစ်ပါတယ်။ အဲဒါကြောင့် ယခုရွေးကောက်ပွဲနဲ့ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတွေအကြား မဲပေးသူ

ရာခိုင်နှုန်းနဲ့ နိုင်းယှဉ်မယ့်အစား မြို့နယ်အလိုက် မဲပေးပိုင်ခွင့်ရှိသူဦးရေ၊ မဲပေးသူဦးရေ စတဲ့ ပကတိတန်ဖိုး အတိုးအလျှော့နဲ့ ကြည့်ရင် ပိုနီးစပ်မှာ ဖြစ်ပါတယ်။

မီဒီယာဖော်ပြချက်တွေအရ ဝန်ထမ်းတွေနဲ့ မိသားစုတွေအနေနဲ့ မဖြစ်မနေ မဲပေးကြဖို့နဲ့ ဝန်ထမ်းတွေအနေနဲ့ မဲမပေးရင် လက်ရှိရာထူးအပြင်း ရာထူးတိုးအတွက် ထိခိုက်မှုတွေ ရှိလာမှာကို စိုးရိမ်လို့ မဲပေးခဲ့ကြရပါတယ်။ ကျေးလက်ဒေသ တချို့မှာလည်း အုပ်ချုပ်ရေးမှူးတွေက ပြည်သူတွေကို မဲသွားပေးဖို့ ဖိအားပေးတာတွေ ရှိခဲ့တာတွေ့ရပါတယ်။ ဒါ့အပြင် နေရပ်စွန့်ခွာတိမ်းရှောင်သူတွေနဲ့ ကျေးလက်ဒေသပြည်သူတွေအနေနဲ့ အုပ်ချုပ်ရေးပိုင်းနဲ့ မိတ်မပျက်ချင်သူတွေ၊ မဲမပေးရင် နောက်ဆက်တွဲ ပြဿနာတွေ ဖြစ်လာမှာစိုးရိမ်လို့ မဖြစ်မနေ မဲသွားပေးရသူတွေလည်း ရှိခဲ့ပါတယ်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေရဲ့ ဖိအားပေးမှု အခြေအနေကတော့ မြို့နယ်အလိုက် ကွာခြားမှုရှိပြီး မိမိစိတ်ဆန္ဒအရ နှစ်သက်ရာ ပါတီကို သွားရောက်မဲပေးကြသူတွေလည်းရှိတာ တွေ့ရပါတယ်။ အဲဒါကြောင့် ယခုရွေးကောက်ပွဲရဲ့ မဲပေးရာခိုင်နှုန်းကို ကြည့်ပြီး အခြားနိုင်ငံတွေမှာလို ပြည်သူတွေရဲ့ နိုင်ငံရေးမှာပါဝင်မှု အဆင့်အတန်းကို တိုင်းတာပြောဆိုဖို့ ခက်ခဲပါလိမ့်မယ်။

## ၆။ မဲရလဒ်အခြေအနေ


ရွေးကောက်ပွဲ အပိုင်း(၁)အပြီးမှာ လွှတ်တော်အလိုက် အနိုင်ရကိုယ်စားလှယ်လောင်းစာရင်းနဲ့ ဆန္ဒမဲ ရရှိမှုအခြေအနေကို နိုင်ငံပိုင်သတင်းစာတွေကနေ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ၃ ခုစလုံးက အနိုင်ရရှိမှု အခြေအနေ သိနိုင်ပြီဖြစ်တဲ့ အနိုင်ရ ကိုယ်စားလှယ်လောင်း စာရင်းတွေကို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ရွေးကောက်ပွဲ အပိုင်း(၁)အပြီး ပါတီအလိုက် မဲရရှိမှု အခြေအနေကို အောက်ပါဇယားမှာ ဖော်ပြထားပါတယ်။ ဇယားပါ အနိုင်ရကိုယ်စားလှယ်လောင်းအရေအတွက်ထဲမှာ အပိုင်း(၁) ၁၀၂ မြို့နယ်အပြင် မဲဆန္ဒနယ်တစ်ခုအတွင်း ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာရှိလို့ ရွေးကောက်ပွဲ မကျင်းပခင်ကတည်းက အနိုင်ရသွားတဲ့ ကိုယ်စားလှယ်လောင်းတွေလည်းပါဝင်ပါတယ်။

## ရွေးကောက်ပွဲ အပိုင်း (၁)အပြီး ပါတီအလိုက် အနိုင်ရကိုယ်စားလှယ်ရရှိမှုအခြေအနေ

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် (FPTP) | အမျိုးသားလွှတ်တော် (PR) | တိုင်း/ပြည်နယ်လွှတ်တော် (FPTP) | တိုင်း/ပြည်နယ်လွှတ်တော် (PR) | တိုင်း/ပြည်နယ်လွှတ်တော် (တိုင်းရင်းသား) | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၂ | ၁၄ | ၇ | ၉၁ | ၁၄ | ၃ | ၂၃၁ |
| ၂ | နာဂအမျိုးသားပါတီ | ၄ | ၁ | | ၄ | | | ၉ |
| ၃ | ရခိုင့်ဦးဆောင်ပါတီ | | ၁ | ၂ | ၁ | ၄ | | ၈ |
| ၄ | ဇိုမီးအမျိုးသားပါတီ | | ၁ | ၂ | ၁ | ၃ | | ၇ |
| ၅ | ရခိုင်တိုင်းရင်းသားများပါတီ | ၁ | | ၁ | | ၄ | | ၆ |
| ၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | | | ၃ | | | ၆ |
| ၇ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂ | | | ၃ | | | ၅ |
| ၈ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁ | | | ၁ | | | ၂ |
| ၉ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | ၂ | | | | | | ၂ |
| ၁၀ | မွန်ညီညွတ်ရေးပါတီ | ၁ | ၁ | | | | | ၂ |
| ၁၁ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | | | | ၁ | ၁ |
| ၁၂ | ပြည်သူ့ပါတီ | | | | ၁ | | | ၁ |
| ၁၃ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | | | | | ၁ | | ၁ |
| ၁၄ | ‘ဝ’အမျိုးသားပါတီ | | ၁ | | | | | ၁ |
| | **စုစုပေါင်း** | **၁၁၆** | **၁၉** | **၁၂** | **၁၀၅** | **၂၆** | **၄** | **၂၈၂** |

ရင်းမြစ် – ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပြည်သူ့လွှတ်တော်** – အပိုင်း(၁)အပြီး မဲရလဒ်တွေအရ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းနေရာ ၁၀၂ နေရာ အနိုင်ရရှိခဲ့ပြီး တစ်နိုင်ငံလုံးအဆင့် ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီတွေထဲက တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီက ၂ နေရာနဲ့ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)က ၂ နေရာ အသီးသီး အနိုင်ရရှိထားပါတယ်။




ပြည်နယ်အခြေစိုက် တိုင်းရင်းသားပါတီတွေဘက်ကို ကြည့်ရင် စစ်ကိုင်းတိုင်းအထက်ပိုင်း နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအခြေစိုက် နာဂအမျိုးသားပါတီ (NNP) က လွှတ်တော်ကိုယ်စားလှယ် ၄ နေရာ အနိုင်ရထားပြီး ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်ပါတီ(PNO)က လွှတ်တော်ကိုယ်စားလှယ်နေရာ ၃ နေရာ အနိုင်ရရှိထားပါတယ်။ ဒါ့အပြင် မွန်ပြည်နယ်ထဲမှာ မွန်ညီညွတ်ရေးပါတီက ၁ နေရာ၊ ရခိုင်ပြည်နယ် အခြေစိုက် ရခိုင်တိုင်းရင်းသားများပါတီက ၁ နေရာနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း အခြေစိုက် ရှမ်းနီ(တိုင်းလျှန်) သွေးစည်း ညီညွတ်ရေးပါတီက ၁ နေရာ အသီးသီး အနိုင်ရရှိထား ပါတယ်။ ကချင်၊ ကယားနဲ့ ကရင် ပြည်နယ်အခြေစိုက် တိုင်းရင်းသားပါတီတွေက အနိုင်ရနေရာ မရရှိသေးပါဘူး။

**အမျိုးသားလွှတ်တော်** – အပိုင်း(၁)အပြီး မဲရလဒ်တွေအရ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာ ၂၁ နေရာ အနိုင်ရရှိခဲ့ပြီး တစ်နိုင်ငံလုံးအဆင့် ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီတွေထဲက အနိုင်ရကိုယ်စားလှယ်တစ်ဦးမှ မရရှိသေးတာ တွေ့ရပါတယ်။ ပြည်နယ်အခြေစိုက် တိုင်းရင်းသားပါတီတွေဖြစ်တဲ့ ရခိုင့်ဦးဆောင်ပါတီနဲ့ ဇိုမီးအမျိုးသားပါတီတို့က အနိုင်ရကိုယ်စားလှယ် ၃ ဦးစီအနိုင်ရရှိထားပြီး မွန်ညီညွတ်ရေးပါတီ၊ ရခိုင်တိုင်းရင်းသားများပါတီ၊ နာဂအမျိုးသားပါတီနဲ့ ‘ဝ’ အမျိုးသားပါတီတို့က အနိုင်ရကိုယ်စားလှယ် ၁ ဦးစီ ရရှိထားပါတယ်။

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲပုံစံအရ ကြည့်မယ်ဆိုရင် မဲအများဆုံးရသူ အကုန်ယူစနစ် (FPTP) ကနေ အမျိုးသားလွှတ်တော် အနိုင်ရ ကိုယ်စားလှယ်လောင်း ၁၉ ဦး၊ အချိုးကျကိုယ်စားပြုစနစ် (PR) ကနေ ၁၂ ဦး၊ စုစုပေါင်း ၃၁ ဦး ရွေးကောက်ခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက FPTP မှာ ၁၄ ဦး အနိုင်ရရှိခဲ့သလို PR ကနေလည်း ၇ ဦး ရရှိခဲ့တာဖြစ်ပါတယ်။ နာဂအမျိုးသားပါတီကတော့ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲက မြို့နယ် ၃ ခု

စလုံးမှာ အမျိုးသားလွှတ်တော်အတွက် အနိုင်ရရှိခဲ့လို့ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (FPTP) မဲဆန္ဒနယ် အမှတ်(၁)အတွက် ကိုယ်စားလှယ်တစ်ဦး ရရှိခဲ့တာဖြစ်ပါတယ်။ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းက မြို့နယ် ၆ မြို့နယ်အနက် မက်မန်းမြို့နယ်မှာပဲ ရွေးကောက်ပွဲ ကျင်းပနိုင်ပြီး ပါဝင်ယှဉ်ပြိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းကလည်း တစ်ဦးပဲ ရှိတာကြောင့် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်(FPTP) မဲဆန္ဒနယ် အမှတ်(၁)အတွက် 'ဝ' အမျိုးသားပါတီက ကိုယ်စားလှယ်လောင်း တစ်ဦးရရှိထားပါတယ်။

ရွေးကောက်ပွဲ ကျင်းပဖြစ်တဲ့ ချင်းပြည်နယ်ထဲက မြို့နယ် ၂ မြို့နယ်နဲ့ ရခိုင်ပြည်နယ်ထဲက မြို့နယ် ၃ မြို့နယ် စလုံးကို ရွေးကောက်ပွဲ အပိုင်း(၁)မှာပဲ ကျင်းပပြီးစီးသွားလို့ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်အတွက် အမျိုးသား လွှတ်တော် (FPTP) ရော၊ (PR) အတွက်ပါ အနိုင်ရကိုယ်စားလှယ်လောင်း စာရင်းထုတ်ပြန်ပေးခဲ့တာတွေ့ရပါတယ်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ချင်းပြည်နယ် အမျိုးသားလွှတ်တော် (FPTP)မှာ အနိုင်ရကိုယ်စားလှယ်လောင်း ၁ ဦးရရှိခဲ့ပြီး အမျိုးသားလွှတ်တော် (PR) ကနေ ၄ ဦး၊ စုစုပေါင်း ၅ ဦး အနိုင်ရရှိခဲ့ပါတယ်။ ဇိုမီးအမျိုးသားပါတီက FPTP က တစ်ဦးအနိုင်ရရှိခဲ့ပြီး (PR) ကနေ ၂ ဦး၊ စုစုပေါင်း ၃ ဦး အနိုင်ရရှိခဲ့ပါတယ်။

ရခိုင်ပြည်နယ်ဘက်ကို ကြည့်မယ်ဆိုရင် ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် (FPTP)မှာ အနိုင်ရကိုယ်စားလှယ်လောင်း ၂ ဦးရရှိခဲ့ပြီး အမျိုးသားလွှတ်တော် (PR)ကနေ ၃ ဦး၊ စုစုပေါင်း ၅ ဦး အနိုင်ရရှိခဲ့ပါတယ်။ ရခိုင့်ဦးဆောင်ပါတီက FPTP က တစ်ဦးအနိုင်ရရှိခဲ့ပြီး (PR) ကနေ ၂ ဦး၊ စုစုပေါင်း ၃ ဦး အနိုင်ရရှိခဲ့ပါတယ်။ ရခိုင်အမျိုးသားပါတီက FPTP မှာ အနိုင်မရခဲ့ပေမယ့် PR ကနေ ကိုယ်စားလှယ်လောင်း ၁ ဦး ရရှိခဲ့ပါတယ်။


အခြားပြည်နယ်နဲ့ တိုင်းတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ တနင်္သာရီ၊ မကွေးနဲ့ မန္တလေးအတွက် ထုတ်ပြန်ထားတဲ့ အမျိုးသားလွှတ်တော်(FPTP) အနိုင်ရ ကိုယ်စားလှယ်လောင်းနေရာတွေမှာတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက အများစု အနိုင်ရထားပြီး မွန်ညီညွတ်ရေးပါတီကလည်း ကိုယ်စားလှယ်လောင်း ၁ ဦး အနိုင်ရထားပါတယ်။

**တိုင်းဒေသကြီးနဲ့ပြည်နယ် လွှတ်တော်** – အပိုင်း(၁)အပြီး မဲရလဒ်တွေအရ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီက (တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၃ နေရာအပါအဝင်) တိုင်းဒေသကြီးနဲ့ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နေရာ ၁၀၈ နေရာ အနိုင်ရရှိခဲ့ပြီး တစ်နိုင်ငံလုံးအဆင့် ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီတွေထဲက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၃ နေရာနဲ့ ပြည်သူ့ပါတီက ၁ နေရာ အနိုင်ရရှိထားပါတယ်။

ပြည်နယ်အခြေစိုက် တိုင်းရင်းသားပါတီတွေဘက်ကိုကြည့်ရင် ရခိုင့်ဦးဆောင်ပါတီက အနိုင်ရ ကိုယ်စားလှယ် ၅ ဦး၊ ဇိုမီးအမျိုးသားပါတီ၊ ရခိုင်တိုင်းရင်းသားများပါတီနဲ့ နာဂအမျိုးသားပါတီတို့က အနိုင်ရကိုယ်စားလှယ် ၄ ဦးစီ ရရှိခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီက အနိုင်ရ ကိုယ်စားလှယ် ၃ ဦး၊ ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီနဲ့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်)၊ ချင်းပြည်သစ် ကွန်ဂရက်ပါတီတို့က ကိုယ်စားလှယ် ၁ ဦးစီ အနိုင်ရရှိခဲ့ပါတယ်။

ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် (FPTP) ရော၊ (PR) အတွက်ပါ အနိုင်ရ ကိုယ်စားလှယ်ရလဒ်အားလုံး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ပေးပြီး ဖြစ်ပါတယ်။ အခြား ပြည်နယ်နဲ့ တိုင်းတွေက အနိုင်ရ ကိုယ်စားလှယ်တွေထဲက ရလဒ်သိရှိပြီးတဲ့ မဲဆန္ဒနယ်တွေအတွက်လည်း ထုတ်ပြန် ပေးထားပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေး ပါတီက တိုင်းဒေသကြီးနဲ့ပြည်နယ် (FPTP) ကနေ ၉၁ ဦး၊ PR ကနေ ၁၄ ဦးနဲ့ တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် ၃ နေရာ၊ စုစုပေါင်း ၁၀၈ နေရာနဲ့ အများစု အနိုင်ရထား တာဖြစ်ပါတယ်။

ရွေးကောက်ပွဲ အပိုင်း(၁)- တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (FPTP)မဲဆန္ဒနယ်များတွင် ပါတီအလိုက် အနိုင်ရရှိမှုအခြေအနေ




*Last updated: 12 January 2026*

Map: Data for Myanmar (D4M) • Source: Union Election Commission (UEC) • Created with Datawrapper

အပိုင်း(၁) အပြီး မဲရလဒ်အခြေအနေကို သုံးသပ် ကြည့်မယ်ဆိုရင် ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေး ပါတီက လွှတ်တော် ၃ ရပ်စလုံးက ကိုယ်စားလှယ်လောင်း နေရာအများစု အနိုင်ရရှိထားပြီး ကျန်တဲ့ တစ်နိုင်ငံလုံး ဝင်ရောက် ယှဉ်ပြိုင်တဲ့ ပါတီကြီးတွေ ထက်စာရင် တိုင်းရင်းသားပါတီတွေက အနိုင်ရကိုယ်စားလှယ်လောင်း အရေအတွက် ပိုများတာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ် အခြေစိုက် တိုင်းရင်းသားပါတီတွေလည်း FPTP မှာ အနိုင် သိပ်မရခဲ့ပေမယ့် PR ကနေ ကိုယ်စားလှယ်လောင်းထပ်မံရရှိလာတာတွေ့ရပါတယ်။

## ၇။ နိုင်ငံရေးပါတီတွေ ဝေဖန်ထောက်ပြကြတဲ့ ကျင့်ဝတ်

ရွေးကောက်ပွဲရဲ့ လွတ်လပ်တရားမျှတမှုကို အပိုင်း(၃)ပိုင်းစလုံးပြီးမှ ဝေဖန်သုံးသပ်ဖို့နဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရွေးကောက်ပွဲနေ့မှာ မီဒီယာတွေကိုပြောခဲ့ပါတယ်။ ဒါပေမယ့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကလွဲလို့ ကျန်ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီတွေကတော့ သူတို့ကြုံတွေ့ခဲ့ရတဲ့ အခြေအနေတွေကို အပိုင်း(၃) ပိုင်းစလုံးပြီးတဲ့အထိ မစောင့်နိုင်ခဲ့ကြပါဘူး။ ပြည်သူ့ပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)နဲ့ မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က ကျင့်ဝတ်နဲ့ ပတ်သက်လို့ ပွင့်လင်းမြင်သာမှုမရှိတဲ့အပေါ် စိစစ် ဆောင်ရွက်ပေးဖို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဆီ စာပို့ပြီး တောင်းဆိုခဲ့ကြပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း ကျင့်ဝတ်နဲ့ ပတ်သက်လို့ လုပ်ထုံး လုပ်နည်းနဲ့ အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဇန်နဝါရီလ ၆ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီတွေနဲ့ နေပြည်တော်မှာ တွေ့ဆုံခဲ့ပြီး ကျင့်ဝတ်နဲ့ ပတ်သက်လို့ ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ဆောင် ပေးခဲ့ကြောင်းနဲ့ အပိုင်း(၂)မှာ ကျင့်ဝတ်နဲ့ ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ဆောင်ပေးမယ်လို့ ပြောခဲ့ပါတယ်။

ပါတီတွေ ထောက်ပြကြတဲ့ အချက်တွေထဲမှာ ကြိုတင်မဲကောက်ယူရာမှာ ကြံ့ခိုင်ရေးပါတီကသာ လိုက်ပါခွင့်ရနေတာ၊ ကြိုတင်မဲ ပုံးရဲ့ လုံခြုံရေးကြိုးက သတ်မှတ်တဲ့ကြိုးမဟုတ်တာ၊ ကြိုတင်မဲလက်မှတ်ရဲ့နောက်ကျောမှာ ရပ်/ကျေး ကော်မရှင် ဥက္ကဋ္ဌလက်မှတ်မပါတာ၊ ကြိုတင်မဲကို အမှန်ခြစ်ရာမှာ တစ်ဦးတည်းက ရေးခြစ်တယ်လို့ ယူဆရတာတို့ ဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားတဲ့ ရွေးကောက်ပွဲ အပိုင်း(၁)မှာ ပါဝင်တဲ့ (၁၀၁) မြို့နယ်ရဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ဆန္ဒမဲရရှိမှု အချက်အလက်တွေကို အခြေခံပြီး ပါတီအလိုက် ရရှိတဲ့ ကြိုတင်မဲအရေအတွက်ကို နှိုင်းယှဉ်လေ့လာထားပါတယ်။ ကျန်တဲ့ တစ်မြို့နယ်ဖြစ်တဲ့ နောင်မွန်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်ကတော့ ကိုယ်စားလှယ်တစ်ဦးတည်းသာရှိလို့ ပြည်သူ့လွှတ်တော်အတွက် မဲပေးဖို့ မလိုအပ်ခဲ့ပါဘူး။

ကြိုတင်မဲရရှိမှုအခြေအနေကို လေ့လာကြည့်မယ်ဆိုရင် ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းတွေက အခြားပါတီ ကိုယ်စားလှယ်လောင်းတွေထက် တစ်ဦးချင်း ကြိုတင်မဲရရှိမှုမှာ အပိုင်း(၁) ပါ မြို့နယ်အားလုံးမှာ သာလွန်နေတာ တွေ့ရပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းရရှိတဲ့ ကြိုတင်မဲ အရေအတွက်နဲ့ အခြားပါတီက ကိုယ်စားလှယ်လောင်းတွေအားလုံးပေါင်းတဲ့ ကြိုတင်မဲအရေအတွက် နှစ်ခု ဆက်လက် နှိုင်းယှဉ်မယ်ဆိုရင်လည်း မာန်အောင်မြို့နယ်နဲ့ မြောင်းမြမြို့နယ် နှစ်မြို့နယ်ကလွဲလို့ ကျန်မြို့နယ်အားလုံးမှာ သာလွန်တာ တွေ့ရပါတယ်။

အပိုင်း(၁)ထဲက (၁၀၁) မြို့နယ်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၀၁ ဦးရရှိတဲ့ ကြိုတင်မဲ စုစုပေါင်း ၄ သိန်းကျော် (၄၁၈,၅၆၅ မဲ)ရရှိထားပြီး၊ စုစုပေါင်း ခိုင်လုံမဲက ၂.၇ သန်းကျော် (၂,၇၂၅,၅၆၃ မဲ) ရရှိထားပါတယ်။ ကြိုတင်မဲရရှိမှု ရာခိုင်နှုန်း [ (ကြိုတင်မဲ/ခိုင်လုံမဲစုစုပေါင်း) x ၁၀၀ ] အရကြည့်မယ်ဆိုရင် ၁၅.၃၆ ရာခိုင်နှုန်း ရှိတာတွေ့ရပါတယ်။ ဆိုလိုတာက ကြံ့ခိုင်ရေးပါတီရတဲ့ ခိုင်လုံမဲစုစုပေါင်းရဲ့ ၁၅.၃၆ ရာခိုင်နှုန်းက ကြိုတင်မဲဖြစ်ပါတယ်။

အပိုင်း(၁)ထဲက (၁၀၁) မြို့နယ်မှာ အခြားပါတီတွေနဲ့ တစ်သီးပုဂ္ဂလ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၄၄၇ ဦး ရရှိတဲ့ ကြိုတင်မဲ စုစုပေါင်းက ၁ သိန်း ၂ သောင်းကျော် (၁၂၅,၀၆၁ မဲ) ဖြစ်ပါတယ်။ သူတို့အားလုံးရရှိတဲ့ စုစုပေါင်း ခိုင်လုံမဲက ၃.၃၇ သန်း (၃,၃၇၂,၉၆၈ မဲ) ဖြစ်ပါတယ်။ အခြားပါတီတွေနဲ့ တစ်သီးပုဂ္ဂလ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် လောင်း အားလုံးရဲ့ ကြိုတင်မဲရရှိမှုက ၃.၇၁ ရာခိုင်နှုန်း ဖြစ်ပါတယ်။


ထူးခြားတဲ့မြို့နယ်တွေအနေနဲ့ သံတောင်ကြီးမြို့နယ်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်း ရရှိတဲ့ ခိုင်လုံမဲ ၂၀၀၁ မဲ အနက် ၁၆၆၁ မဲက ကြိုတင်မဲဖြစ်လို့ ၈၃% ရှိပါတယ်။ ဘောလခဲမြို့နယ်မှာ ခိုင်လုံမဲ ၁၅၆၉ မဲအနက် ကြိုတင်မဲက ၁၂၃၆ မဲ ဖြစ်လို့ ၇၉% ၊ ဟားခါးမြို့နယ်မှာ ခိုင်လုံမဲ ၂၀၀၇ မဲ အနက် ကြိုတင်မဲက ၁၀၄၀ မဲ ဖြစ်လို့ ၅၂% ၊ ကျောက်ဖြူမြို့နယ်မှာ ခိုင်လုံမဲ ၆၃၅၅ မဲ အနက် ကြိုတင်မဲက ၃၀၂၄ မဲ ဖြစ်လို့ ၄၈% ၊ ရွှေဘိုမြို့နယ်မှာ ခိုင်လုံမဲ ၄၂၉၉ မဲ အနက် ကြိုတင်မဲက ၁၆၆၈ မဲ ဖြစ်လို့ ၃၉% အသီးသီး ရှိကြောင်း တွေ့ရပါတယ်။


အခြားပါတီကိုယ်စားလှယ်လောင်းတွေက မဲရုံမဲမှာ အသာစီးရခဲ့ပေမယ့် ကြိုတင်မဲကြောင့် ကြံ့ခိုင်ရေးပါတီ ကိုယ်စားလှယ် လောင်းကို ရှုံးနိမ့်ခဲ့ရတဲ့ မြို့နယ်တွေကတော့ ကျောက်ဖြူမြို့နယ်၊ မိုးညှင်းမြို့နယ်၊ ဘားအံမြို့နယ်၊ တီးတိန်မြို့နယ်၊ မြိတ် မြို့နယ်နဲ့ မူဆယ်မြို့နယ်တွေ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အလိုက် ကြိုတင်မဲနှိုင်းယှဉ်ချက်ဒေတာကို ဒီ Google Sheets Link ကနေ ရယူနိုင်ပါတယ်။

## ရွေးကောက်ပွဲ အပိုင်း(၁) - ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အလိုက် ကြိုတင်မဲရာခိုင်နှုန်း နှိုင်းယှဉ်ချက်

● အခြားပါတီ ကိုယ်စားလှယ်လောင်းများအားလုံးပေါင်းရဲ့ ကြိုတင်မဲရာခိုင်နှုန်း ● ကြံ့ခိုင်ရေးပါတီကိုယ်စားလှယ်လောင်းရဲ့ ကြိုတင်မဲ ရာခိုင်နှုန်း






*ကိုယ်စားလောင်းရှိတဲ့ ကြံ့တင်မဲအရေအတွက်ကို ခိုင်လုံမဲအရေအတွက်နဲ့ စားပြီး ရာခိုင်နှုန်းယူထားပါတယ်။ ဥပမာ - သံတောင်ကြီးမြို့နယ်မှာ USDP ကိုယ်စားလှယ်လောင်းရှိတဲ့ ခိုင်လုံမဲ စုစုပေါင်းရဲ့ ၈၃ ရာခိုင်နှုန်းက ကြံ့တင်မဲကရတာ ဖြစ်ပါတယ်။*

Chart: Data for Myanmar (D4M) • Source: Union Election Commission (UEC) • Created with Datawrapper

Interactive Graph ကြည့်ရန် – https://www.datawrapper.de/_/DDMHW/

## ၈။ အရေးကြီး ဖြစ်ပေါ် ပြောင်းလဲမှုများ

ရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပတဲ့နေ့ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်က မဲရုံမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သွားရောက်မဲပေးခဲ့ပါတယ်။ ရွေးကောက်ပွဲရဲ့ လွတ်လပ်တရားမျှတမှုကို အပိုင်း(၃)ပိုင်း စလုံးပြီးမှ ဝေဖန်သုံးသပ်ဖို့နဲ့ တပ်က လုပ်တဲ့ ရွေးကောက်ပွဲ ဖြစ်လို့ လွတ်လပ်တရားမျှတဖို့ အာမခံတယ်လို့ မီဒီယာတွေကို ပြောကြားသွားခဲ့ပါတယ်။

ဒီဇင်ဘာလ (၂၉) ရက်နေ့၊ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာက လေ့လာစောင့်ကြည့်ရေး အဖွဲ့တွေရဲ့ မှတ်ချက်ပြု အခမ်းအနားမှာ တရုတ်နဲ့ ရုရှားက စောင့်ကြည့်လေ့လာသူတွေက ရွေးကောက်ပွဲအပိုင်း(၁)အပေါ် အကောင်းမြင် မှတ်ချက်တွေ ပေးခဲ့ကြပါတယ်။ မြန်မာ့ရွေးကောက်ပွဲဖော်ဆောင်မှုဟာ သမ္မတ ရှီကျင့်ဖျင်နဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ကြားမှာထားရှိတဲ့ သဘောတူညီမှုဖြစ်ကြောင်း တရုတ်ရဲ့ အာရှရေးရာ အထူးကိုယ်စားလှယ် တိန့်ရှီးကျွင်းက မှတ်ချက်ပြု အခမ်းအနားမှာ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ စစ်ကော်မရှင်ပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက ရွေးကောက်ပွဲ အပိုင်း(၁)ကို မြို့နယ်ပေါင်း ၁၀၂ မြို့နယ်မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ လာရောက် ဆန္ဒမဲ ပေးခဲ့ကြသူ ၆ သန်းကျော်ရှိတာကြောင့် ပြည်သူတွေရဲ့ နိုင်ငံရေး ရေချိန်မြင့်မားတာတွေ့ရကြောင်းနဲ့ မဲပေးသူရာခိုင်နှုန်း ၅၂ ရာခိုင်နှုန်းကျော်ရှိတာကြောင့် အခြား ဒီမိုကရေစီနိုင်ငံတချို့ထက် မဲပေးသူရာခိုင်နှုန်း ပိုများကြောင်း သတင်းထုတ်ပြန်ချက် မှာ ထည့်သွင်းပြောဆိုခဲ့ပါတယ်။

မြန်မာ့ရွေးကောက်ပွဲအလွန် အခြေအနေတွေကို ဆန်းစစ်သွားမှာဖြစ်ပြီး အချိန်မတိုင်မီ တရားဝင် အသိအမှတ်ပြုတာ မလုပ်ဖို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားဝန်ကြီးချုပ် အန်နဝါ အီဘရာဟင်က ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ထည့်သွင်းပြောဆိုသွားခဲ့ပါတယ်။ ယေဘုယျအားဖြင့် ရွေးကောက်ပွဲဟာ တည်ငြိမ်ချောမွေ့ပြီး စနစ်တကျနဲ့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျန်နေသေးတဲ့ ရွေးကောက်ပွဲ အပိုင်း ၂ နဲ့ အပိုင်း ၃ ကိုသာ ချောချောမွေ့မွေ့နဲ့ အောင်မြင်အောင် ကျင်းပနိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အခြေအနေတွေ ပြန်လည်တည်ငြိမ်စေဖို့၊ တင်းမာမှုများ လျော့နည်းသွားစေဖို့နဲ့ နိုင်ငံရေးအခြေအနေတွေ မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိစေဖို့ အထောက်အကူဖြစ်မယ်လို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြောရေးဆိုခွင့်ရှိသူ Mr. Lin Jian က သတင်းထောက် တွေကို ဒီဇင်ဘာ ၃၀ ရက်နေ့မှာ ပြောကြားခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံက ၂၀၂၆ ခုနှစ်အတွက် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌဖြစ်လာပြီးနောက်ပိုင်း အာဆီယံဥက္ကဋ္ဌရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စမာရီယာ ထရက်ဆာ ပရဲညိုလာဇာရိုက ဇန်နဝါရီလ ၅ ရက်မှ ၇ ရက်အထိ အလုပ်သဘောခရီးစဉ်အဖြစ် မြန်မာနိုင်ငံကို သွားရောက်ခဲ့ပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေတို့နဲ့ တွေ့ဆုံခဲ့ပါတယ်။

မတရားအာဏာသိမ်းထားတဲ့ အကြမ်းဖက်စစ်ကော်မရှင်အောက်မှာ ကျင်းပမယ့် "တရားမဝင် အတုအယောင် ရွေးကောက်ပွဲ" မှာ ပါဝင်ခြင်းမပြုဘဲ ဆန့်ကျင်ကြဖို့နဲ့ ရွေးကောက်ပွဲကနေ ပေါ်ထွက်လာမယ့် ရလဒ်တွေကို အသိအမှတ် မပြုဖို့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)နဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)တို့က ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ပူးတွဲ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ အတုအယောင်ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်ပယ်ချဖို့ နိုင်ငံတကာ အစိုးရတွေကို တိုက်တွန်းတောင်းဆိုတဲ့ ထုတ်ပြန်ချက်တွေကို Justice For Myanmar က ဒီဇင်ဘာလ ၂၇

ရက်နေ့နဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-Myanmar)က ဒီဇင်ဘာလ ၂၉ ရက်နေ့တို့မှာ အသီးသီး ထုတ်ပြန်ကြေညာခဲ့ကြပါတယ်။

ရွေးကောက်ပွဲကျင်းပတဲ့ ဒီဇင်ဘာလအတွင်း စစ်ကော်မရှင်ရဲ့ တရားမဝင် အတုအယောင်ရွေးကောက်ပွဲကို လက်မခံ ဆန့်ကျင်ကြောင်း ဆန့်ကျင်ဆန္ဒပြမှုတွေလည်း အရှိန်မြင့်ခဲ့တာ တွေ့ရပါတယ်။ ဒီဇင်ဘာလ ၄ ရက်နေ့က ဒေါက်တာ တေဇာဆန်း ဦးဆောင်တဲ့ ဆန္ဒပြပွဲတစ်ခု မန္တလေးမြို့မှာ လုပ်ဆောင်ခဲ့ပြီး ဒီဇင်ဘာလ ၁၀ ရက်နေ့ အသံတိတ်သပိတ်မှာ ပါဝင်ကြဖို့ တိုက်တွန်းခဲ့ကြပါတယ်။ ဟားခါး၊ တီးတိန်နဲ့ ကလေးမြို့တွေမှာတော့ ရွေးကောက်ပွဲနေ့မှာ လမ်းပေါ်မထွက်ဘဲ အသံတိတ်သပိတ်မှာ ပါဝင်ကြဖို့ တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ သပိတ်ကော်မတီတွေက ဆော်ဩခဲ့ကြပါတယ်။ ဖားကန့်၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ဘုတလင်၊ ကသာ၊ တနသ်ာရီ၊ ပေါင်းတည်၊ ရေတာရှည်၊ အင်းစိန်၊ ဒဂုံ၊ ကမာရွတ် စတဲ့မြို့နယ်တွေမှာလည်း ဆန္ဒထုတ်ဖော်တာတွေနဲ့ ကမ်ပိန်းတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဘားအံ၊ ဖာပွန်၊ သထုံ စတဲ့ မြို့နယ်တွေထဲက KNU ထိန်းချုပ်နယ်မြေမှာလည်း ကရင်လူငယ်အစည်းအရုံး(KYO)က ဦးဆောင်ပြီး အတုအယောင် ရွေးကောက်ပွဲ ဆန့်ကျင်ဆန္ဒပြခဲ့ရာမှာ ဒေသခံ ထောင်နဲ့ချီ ပါဝင်ခဲ့ကြပါတယ်။

အတုအယောင်ရွေးကောက်ပွဲ ဆန့်ကျင်ကန့်ကွက်ကြောင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေး အကျဉ်းသားတွေ လွတ်မြောက်ရေး All In One Piece Movement လှုပ်ရှားမှုတွေကို ကိုရီးယား၊ ဂျာမဏီ၊ အမေရိကန်၊ ဂျပန်၊ နယူးဇီလန်၊ ယူကေ၊ နယ်သာလန် အပါဝင် ကမ္ဘာ့မြို့ကြီး တွေမှာ ပြုလုပ်ခဲ့ကြလို့ မြန်မာ့အရေးအပေါ် နိုင်ငံတကကာ အာရုံစိုက်မှု ပိုရလာ စေခဲ့ပါတယ်။

## အဖွဲ့အကြောင်း

Data for Myanmar (D4M) က လွတ်လပ်တဲ့ သုတေသနအဖွဲ့တစ်ခုဖြစ်ပြီး အများပြည်သူတွေအတွက် အကျိုးရှိပြီး သိသင့်တဲ့ အချက်အလက်တွေကို ရင်းမြစ်မျိုးစုံကနေ စုစည်းပြီး လေ့လာဆန်းစစ် တင်ပြနေပါတယ်။

## ဆက်သွယ်ရန်

Email: data4myanmar@gmail.com

Facebook Page: https://www.facebook.com/data4myanmar